ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ တနင်္လာနေ့ (2-4-2012) (၇၀၈၃)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပ

နေပြည်တော် ဧပြီ ၁

**လစ်လပ်လျက်ရှိသည့် ပြည်သူ့လွှတ်တော် (၃၇)နေရာ၊ အမျိုးသားလွှတ်တော် (၆)နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် (၂)နေရာ စုစုပေါင်း လွှတ်တော် (၄၅)နေရာအတွက် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကို ယနေ့ နံနက် ၆ နာရီမှစတင်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပသည်။**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများသည် ဖွင့်လှစ်ပေးထားသည့် မဲရုံအသီးသီး၌ လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နံနက် ၁၁ နာရီ ၅ မိနစ်တွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁/၁)သို့ လာရောက်၍ ဆန္ဒမဲပေးကြသည်။

အလားတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် အဆိုပါမဲရုံသို့လာရောက်၍ ဆန္ဒမဲပေးကြသည်။

အဆိုပါမဲရုံတွင် ဆန္ဒမဲပေးနေမှုများကို မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပမှ သတင်းထောက်များ လာရောက်ကြည့်ရှုလေ့လာ သတင်းရယူကြသည်။

ဇမ္ဗူသီရိမြို့နယ်တွင် မဲရုံပေါင်း (၃၆)ရုံ ဖွင့်လှစ်ထားရှိရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအပါအဝင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက် ၆ နာရီမှာပင် သက်ဆိုင်ရာမဲရုံအသီးသီးသို့ စုဝေးရောက်ရှိလာကြပြီး မိမိတို့ နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေးရွေးချယ်ကြသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများ စနစ်တကျ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ညနေ ၄ နာရီတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို ဖွင့်ဖောက်၍ ထောက်ခံမဲနှင့် ပယ်မဲတို့ကို စနစ်တကျရွေးချယ် ရေတွက်ကြပြီး သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များ၌ မှတ်တမ်းတင်ရေးသွင်းကြသည်။

အလားတူ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် နံနက် ၁၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)သို့ လာရောက်၍ ဆန္ဒမဲပေးကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

ထို့အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးသည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါမဲရုံသို့လာရောက်၍ ဆန္ဒမဲပေးပြီး မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကျေးရွာအုပ်စု(၂၈)အုပ်စုတွင် မဲရုံပေါင်း(၈၁)ရုံ ဖွင့်လှစ်ထားရှိရာ မဲဆန္ဒပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက် ၆ နာရီမှာပင် သက်ဆိုင်ရာ မဲရုံအသီးသီးသို့ စုဝေးရောက်ရှိလာကြပြီး မိမိတို့နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေး ရွေးချယ်ကြသည်။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတစွာ ကျင်းပရာတွင် မဲဆန္ဒရှင်များ လွတ်လပ်လွယ်ကူစွာ လျှို့ဝှက်ဆန္ဒပြုနိုင်ရန်၊ မဲရုံများ၌ ငြိမ်ဝပ်ပိပြားမှုရှိစေရန်၊ ရွေးကောက်ပွဲ တရားမျှတမှုကို ထင်သာမြင်သာရှိစေရန်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲရုံများအတွင်းသို့ စည်းကမ်းတကျ ဝင်ခွင့်ပေးရန် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူ ဆန္ဒမဲစတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်းပြီးဆုံးသည့်အချိန်အထိ မဲရုံအတွင်းသို့ မဲရုံအဖွဲ့ဝင်များ၊ ဆန္ဒမဲပေးမည့်သူများ၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက လုံခြုံရေးတာဝန်ပေးအပ်ခံရသူများ၊ နည်းဥပဒေ ၄၂ အရ ခွင့်ပြုထားသူများဖြစ်သည့် စာမတတ်သူများနှင့် မျက်မမြင်တို့အား ကူညီဆောင်ရွက်ပေးမည့် ထိုမဲစာရင်းတွင်ပါရှိသော ယင်းမဲဆန္ဒရှင်၏ မိဘ၊ ဇနီး၊ ခင်ပွန်း၊ သား/သမီး၊ ညီအစ်ကို၊ မောင်နှမအရင်းအချာများ၊ ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအတွက် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များမှတစ်ပါး အခြားမည်သူမျှ ဝင်ရောက်ခြင်းမရှိကြောင်းကိုလည်း တွေ့မြင်ကြားသိရသည်။

မဲရုံအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ စုံလင်စွာလာရောက်မဲပေးပြီး ဤဆန္ဒမဲပေးခြင်းပြီးဆုံးချိန်ရောက်သည်နှင့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကိုဖွင့်ဖောက်၍ ထောက်ခံမဲနှင့် ပယ်မဲတို့ကို စနစ်တကျ ရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များ၌ မှတ်တမ်းတင်ရေးသွင်းကြသည်။

အလားတူ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နံနက် ၆ နာရီမှစတင်၍ တစ်ပြိုင်တည်းကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥတ္တရသီရိမြို့နယ်၌လည်း ကျင်းပသည်။

မဲဆန္ဒရှင်ပြည်သူများသည် မဲရုံအသီးသီးသို့ နံနက်မိုးမလင်းမီကပင်ရောက်ရှိနေကြပြီး မဲရုံစတင်ဖွင့်လှစ်သည်နှင့် တစ်ပြိုင်တည်း အားတက်သရော ဆန္ဒမဲပေးကြသည်။

ဥတ္တရသီရိမြို့နယ်အတွင်း၌ မဲရုံ(၄၉)ရုံ ဖွင့်လှစ်ထားရာ မဲရုံအသီးသီး၌ ဆန္ဒမဲပေးမည့်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ကျင်းပလျက်ရှိရာတွင် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်ရှိ မဲရုံအမှတ်(၁/၁)၌ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများ လာရောက်ဆန္ဒမဲပေးကြသည်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။** (သတင်းစဉ်)

အလားတူ ဥတ္တရသီရိမြို့နယ်အတွင်းရှိ အခြားမဲရုံများတွင်လည်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ကြေးမုံ စာတည်း ရှုထောင့်

၂-၄-၂၀၁၂[တနင်္လာနေ့]။

# အပြောင်းအလဲ

မကြာမီ ရက်ပိုင်းကမှ သစ်ရွက်ရော်ရည်တို့ တဖွဲဖွဲကြွေသည်။ နောက်ရက်နည်းနည်းကြာသောအခါ ထိုသစ်ပင်သည်ပင် စိမ်းစိုနုသစ်သော ပုရစ်ဖူးတို့ဖြင့် ငယ်ရုပ်ဆင်ခဲ့သည်။ ယခုတော့မူ ဤသစ်ပင်သည် စိမ်းရင့်သော သစ်ရွက်ဖားဖားတို့ဖြင့် နွေကိုအန်တုကာ အေးရိပ်ဝေနေခဲ့လေပြီ။

သဗ္ဗေ လောကော သင်္ခတော ၊ လောကအလုံးစုံသည် ပြောင်းလဲနေ၏ ဟူ၍ မြတ်ဗုဒ္ဓက မိန့်ဆိုသည်။ ပြောင်းလဲခြင်းဟူသော လောက၏နိယာမ တရားအောက်တွင် တည်ငြိမ်ရပ်တန့်နေသည့်အရာ တစ်ခုမျှမရှိ။ အဇ္ဈတ္တ လောကနှင့် ဗဟိဒ္ဓလောကတို့၏ တစ်စက္ကန့်ငယ်မျှပင်မရပ်နားသော တရစပ်ပြောင်းလဲမှုများကို စနစ်တကျ စောင့်ကြည့်ရှုမြင်နိုင်သူတို့မှာ တည်ငြိမ်သောဘဝများကို ရနိုင်ကြမည်ဟု ဗုဒ္ဓ၏ ဓမ္မကမ္မြွက်ဆိုထားသည်။

လောက၏ပြောင်းလဲခြင်းတို့ကို သတိကပ်၍ စောင့်ကြည့်ရှုမြင်နိုင်ခဲ့ကြသည့်တိုင်အောင် ပုထုဇဉ်တို့၏ သဘာဝမှာ အပြောင်းအလဲတို့ကိုသာ လိုလားတတ်ကြသည်။ ပြောင်းလဲခြင်းကိုသာ မျှော်လင့်တတ်ကြသည်။ ပစ္စက္ခ ကမ္ဘာ့နိုင်ငံရေးရှုခင်းကို ကြည့်လျှင်ပင် မြင်နိုင်ပါသည်။ လက်ရှိအမေရိကန် သမ္မတသည် အပြောင်းအလဲ (change) ဟူသော ကြွေးကြော်သံဖြင့် ရွေးကောက်တင်မြှောက်ခံလာရသူဖြစ်သည်။ အာရပ်ကမ္ဘာတွင်လည်း လတ်တလောဖြစ်ပွားနေသော လှုပ်လှုပ်ရှားရှား နိုင်ငံရေးဒီလှိုင်းများနှင့်အတူ အပြောင်းအလဲဟူသည့် လှိုင်းရိုက်သံများက ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာနေသည်ကို ကြားနေကြရသည်။ ဆယ်စုနှစ် နှစ်ခု၊ သုံးခု၊ လေးခု စသည်ဖြင့် ကြာတောင့်ကြာရှည်နေမှုများအပေါ် စိတ်မရှည်နိုင်ကြတော့ခြင်း ဖြစ်သည်။

မြန်မာ့နိုင်ငံရေးသည်လည်း ပြောင်းလဲခြင်းများဖြင့် အသွင်သစ်ကိုဆင်ကာ နောက်မဆုတ်စတမ်းသော ခြေလှမ်းများဖြင့် ခရီးပြင်းကို နှင်နေခဲ့ပြီဖြစ်သည်။ မိမိတို့၏အပြောင်းအလဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဗဟိုပြုကာ ဒီမိုကရေစီခေတ်သစ်ဆီသို့ ကူးပြောင်းနေခြင်းဖြစ်သည်။ သမိုင်းဝင်မည့် ဤအပြောင်းအလဲနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က **"ဒီကနေ့ ကျွန်တော်တို့ အစိုးရအပါအဝင် မိဘပြည်သူအားလုံး လျှောက်လှမ်းနေတဲ့ သမိုင်းဝင် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကြီးဟာ အင်မတန်မှကြီးမားကျယ်ပြန့်ပြီး အလွန်တရာမှလည်း ခက်ခဲနက်နဲလှပါတယ်။ ကျွန်တော်တို့လို အသွင်ကူးပြောင်းစနိုင်ငံတွေမှာ ကြုံတွေ့ရတတ်တဲ့ စိန်ခေါ်မှုတွေအပြင် ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးအတွင်းမှာ နစ်ဝင်နေတဲ့ အတွင်းဒဏ်ရာတွေကိုလည်း ပျောက်ကင်းအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရသက်တမ်းအပြင် နောက်လာမယ့်အစိုးရအဆက်ဆက် လက်ထက်မှာလည်း ခိုင်မာသည်ထက် ခိုင်မာအောင် မိဘပြည်သူများအားလုံး၊ လူ့အဖွဲ့အစည်းတစ်ခုလုံးက ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်"** ဟု မတ် ၁ ရက်က ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ ပြောကြားသည့် မိန့်ခွန်းတွင် သုံးသပ်ပြောကြားခဲ့သည်။

နိုင်ငံ၏သမိုင်းသစ်ကိုရေးထိုးရာတွင် ပါဝင်ကြသူတိုင်းက အပြောင်းအလဲတို့၏ သဘာဝနှင့် အပြောင်းအလဲကာလတွင် ရင်ဆိုင်ကြရတတ်သော စိန်ခေါ်မှုတို့ကို မတုန်လှုပ်ဘဲပြားကြသည့်တိုင်အောင် တည်ငြိမ်အေးချမ်းစွာ၊ စည်းလုံးညီညွတ်စွာ၊ စနစ်တကျ ခိုင်ခိုင်မာမာ ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် ကြီးကျယ်ခမ်းနားစွာ လှပသောအနာဂတ်ကို ဖော်ဆောင်ဖန်တီးနိုင်ကြမည်ဖြစ်သည်။

ရွက်နုတို့မဝေခင်မှာ ရွက်ဟောင်းတို့ကြွေခဲ့ကြသည်။ ထိုသို့သော ကာလတစ်ရပ်ကိုဖြတ်သန်းနေစဉ် သစ်ပင်တို့၌ သစ်ရွက်တို့ကင်းမဲ့ကာ နွေ၏ အပူအောက်မှာ ရိုးတံပြိုင်းပြိုင်းဖြင့် အကျည်းတန်ခဲ့ရဖူးသည်။ မည်သို့ပင်ဆိုစေ နွေ၏အလွန်၌ စိမ်းလန်းအေးမြသည့် ကာလတစ်ခုဆီသို့ရောက်ကြရသည်သာ။ ။

# ပညာရေးကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များကို လေ့လာကာ အထူးဂရုပြုလိုက်နာ သုတေသနနှင့် ဖွံ့ဖြိုးရေးကဏ္ဍကိုလည်း အလေးပေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၁**

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၀) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၆၄ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနား၌ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကား ပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် အဓိက မဏ္ဍိုင်သည် ပညာရေးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသစ်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရန်လိုအပ်သည့် နိုင်ငံတော်၏ မူဝါဒလမ်းညွှန်ချက်များကို လည်းကောင်း၊ အစိုးရအဖွဲ့သစ်၏ အရေးကြီးဆုံးလုပ်ငန်းစဉ်များကို လည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျဖြင့် ရည်မှန်းချက်ရှိရှိ ပြောင်းလဲတိုးတက်နိုင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ဆရာ ဆရာမများကလည်း မိမိတို့ကျရာကဏ္ဍကနေ မိမိတို့ကာယ၊ ဉာဏစွမ်းအားရှိသမျှ အားသွန်ခွန်စိုက် ပါဝင်လုပ်ကိုင်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များသည် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ ကွပ်ကဲမှုအောက်တွင် ရှိနေမည်ဖြစ်သော်လည်း တစ်ချိန်တွင် မိမိ တက္ကသိုလ်နှင့် မိမိအုပ်ချုပ်စီမံခန့်ခွဲပိုင်ခွင့်ရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များအားလုံးတွင်လည်း သမားရိုးကျစာကြည့်တိုက်များသာမက နိုင်ငံတကာအဆင့်မြင့်တက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ထားသည့် အွန်လိုင်းစာကြည့်တိုက်များရှိအောင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသစ်၏ အမျိုးသားရေးဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းလမ်းညွှန်များကို အထူးဂရုပြုလိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကဏ္ဍနှင့်ပတ်သက်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို အထူးလေ့လာကာ စနစ်တကျ လိုက်နာဆောင်ရွက်စေလိုကြောင်း၊နိုင်ငံတော်အစိုးရသစ်၏အုပ်ချုပ်မှု စနစ်ကောင်းမွန်သည့် အစိုးရကောင်းတစ်ရပ်ဖြစ်ပေါ်ပြီး သန့်ရှင်းသည့်အစိုးရဖြစ်ရန် ဆောင်ရွက်ရာတွင် ကောင်းမွန်ပြီး စီမံခန့်ခွဲမှုထူးခြားသည့် စံများရရှိအောင် ကျရာကဏ္ဍမှ ပါဝင်ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးကဏ္ဍကိုလည်း အလေးပေးဆောင်ရွက်သွားကြရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် သင်တန်းဆင်း ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမြန်လမ်းမကြီးမှာ လမ်းအင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်မှု မရှိသေးသော်လည်း ပြည်သူများသွားလာမှု လွယ်ကူအဆင်ပြေစေရန်အတွက် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးမှာ လမ်းအင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်မှု မရှိသေးသော်လည်း ပြည်သူများ သွားလာမှု လွယ်ကူအဆင်ပြေစေရန် အတွက် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းထားသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အသက်အန္တရာယ် အများအပြားဆုံးရှုံးသည်အထိ ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေပါ၍ အရေးပေါ်ကယ်ဆယ်ရေးယူနစ်များ စီမံထားရှိပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းဆွေးနွေးသွားခဲ့သည်။

ဒေါက်တာမြတ်ဉာဏစိုး၏ အဆိုနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀) မှ ဦးမြင့်ထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆိုင်ပေါင်းနပ်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃) မှ ဦးဖုန်းမြင့်အောင်တို့က ထောက်ခံကြောင်း ဆွေးနွေးခဲ့ကြပြီး အမြန်လမ်းမကြီးတွင် တံတားနေရာများတွင်သာ မီးအလင်းရောင်ရှိပြီး အခြားနေရာများတွင် ကားမီးရောင်ကိုသာ အားပြုသွားလာရသည်ဟုဆိုသည်။ အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှုမဖြစ်ရေး၊ ဖြစ်ပွားလျှင်လည်း အရေးပေါ်ကယ်ဆယ်နိုင်ရေး အတွက် တင်ပြသည့်အဆိုကို ထောက်ခံပါကြောင်းဖြင့် ပြောကြားသည်။ အမြန်လမ်းမကြီးသည် ကွန်ကရစ်လမ်းဖြစ်ပြီး ကတ္တရာထပ်ပိုးလွှာ မခင်းနိုင်သေးသဖြင့် ယာဉ်နှင့်တာယာကို ထိခိုက်နိုင်ပြီး အန္တရာယ်ရှိသောနေရာများတွင် အကာအရံများ မရှိခြင်းကြောင့် ဖြတ်သန်းသွားလာမှုများ၊ တိရစ္ဆာန်များ လွှတ်ကျောင်းထားမှုများက ယာဉ်မတော်တဆ ဖြစ်ပွားနိုင်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

သွားလာမှု အဆင်ပြေမြန်ဆန်စေရန် အမြန်လမ်းမကြီးကို ဖောက်လုပ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အမြန်လမ်းမကြီး၏ အင်္ဂါရပ်များနှင့် ကိုက်ညီရန် လိုအပ်ချက်များ ရှိနေသေးကြောင်း ကျွမ်းကျင်အင်ဂျင်နီယာများက သုံးသပ်ကြသည်။ အမြန်လမ်းမကြီးတွင် လမ်းအမှတ်အသား၊ လမ်းညွှန်ဆိုင်းဘုတ်များအပြင် ဘေးအကာအရံ ကာရံထားရမည်ဖြစ်ပြီး အမြန်လမ်းပေါ်သို့ လူနှင့် တိရစ္ဆာန်များ၊ မော်တော်ဆိုင်ကယ်နှင့် အနှေးယာဉ်များ ဖြတ်သန်းသွားလာခြင်း မပြုရန် လိုအပ်သည်ဟု သုံးသပ်ကြသည်။ ကွန်ကရစ်လမ်းဖြစ်သည့်အတွက် မြန်နှုန်းမြင့်အရှိန်ဖြင့် မောင်းနှင်ရာတွင် ယာဉ်ကို ထိန်းသိမ်းနိုင်ရန် ခက်ခဲပြီး ကားတာယာကို ထိခိုက်နိုင်ကြောင်း သိရသည်။ ကွေ့ကြောများ၊ ခုံးတက်ခုံးဆင်းများတွင်လည်း ဒီဂရီ ဖော်ဆောင်ထည့်သွင်းရာတွင် အားနည်းချက်များရှိပြီး ကတ္တရာလမ်းများက ပိုမို အားသာချက်ရှိကြောင်း သိရသည်။ ယာဉ်မတော်တဆ ဖြစ်ပွားမှုများသည့် နေရာများကို လေ့လာကြည့်ရာတွင် အထက်ပါ အချက်များကို တွေ့ရှိရကြောင်းလည်း သိရသည်။ ယင်းကြောင့် အမြန်လမ်းမကြီးပေါ်မှ ဖြတ်သန်းမောင်းနှင်ရာတွင် သတ်မှတ်မိုင်နှုန်းအတိုင်းသာ မောင်းနှင်ရန် လိုအပ်ပြီး လမ်းအမှတ်အသားများနှင့် လမ်းညွှန်များကို သတိပြုရန်လည်း လိုအပ်သည်။ မြန်ဆန်စွာ ရောက်ရှိရေးထက် အန္တရာယ်ကင်းကင်းဖြင့် သက်သောင့်သက်သာ လိုရာခရီးကို ရောက်ရှိနိုင်ရန်မှာ ပိုမိုအရေးကြီးသည်ဟု ကျွမ်းကျင်သူများက အကြံပြုသည်။

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးကို ၂၀၀၉ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နေပြည်တော်-မန္တလေးလမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ စတင်ဖွင့်လှစ်ခဲ့သည့် အချိန်မှစ၍ သုံးနှစ်တာကာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၂၉၀ မှု၊ သေဆုံးသူ ၁၄၇ ဦး၊ ဒဏ်ရာရရှိသူ ၆၁၈ ဦးထိရှိခဲ့ပြီး အမြန်လမ်းမကြီးမှာ လမ်းအင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်မှုမရှိသေးသော်လည်း ပြည်သူများ သွားလာမှု လွယ်ကူအဆင်ပြေစေရန် အတွက် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အမျိုးသားလွှတ်တော်တွင် ပြောကြားသွားခဲ့သည်။

(၀၀၁)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် လှည့်လည်စစ်ဆေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၁**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် မတ် ၂၇ ရက် ညနေ ၄ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ရေး အလေးထားဆောင်ရွက်ကြရန်မှာကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၂၈ ရက် နံနက်ပိုင်းတွင် မြင်းမူမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် မြင်းမူမြို့နယ် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အနောက်တိုင်းဆေးနှင့် တိုင်းရင်းဆေးဝါးများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြင်းမူမြို့နယ် အလ္လကပ္ပ ကျေးလက်ကျန်းမာရေးဌာန၊ ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးလက်ကျန်းမာရေးဌာန၊ချောင်းဦးမြို့ တိုင်းရင်းဆေးကုဌာနနှင့် ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး အနောက်တိုင်းဆေးနှင့် တိုင်းရင်းဆေးဝါးများကို ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် မုံရွာမြို့ သူနာပြု/သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများ၊ သူနာပြုဌာနမှူးများနှင့် တွေ့ဆုံခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၂၉ ရက် နံနက်ပိုင်းတွင် ယင်းမာပင်မြို့နယ် ကပိုင်တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ယင်းမာပင်မြို့နယ် ညောင်ကိုင်းကျေးလက်ကျန်းမာရေးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် မုံရွာပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံပြီး မွန်းလွဲပိုင်းတွင် အရာတော်မြို့ ပြည်သူ့ဆေးရုံနှင့် မြင်းမူမြို့နယ် ခက်ခွင်းတိုက်နယ်ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁ - ၄ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၃၅၀ | ၀. ၀၃၂၄၃၀၇ |
| တရုတ် (ယွမ်) | ၆. ၂၉၇၉၈ | ၀. ၁၅၈၇၈၁ |
| အိန္ဒိယ (ရူပီး) | ၅၀. ၈၇၅၂ | ၀. ၀၁၉၆၆ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၆၆၉၃ | ၀. ၃၂၆၀၅၉ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၈၅၁ | ၀. ၇၉၄၅၉၃ |
| ဂျပန် (ယန်း) | ၈၂. ၈၆၄၄ | ၀. ၀၁၂၀၆၇၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၂. ၇၇ | ၀. ၀၀၀၈၈၂၇၉၂ |
| ယူရို | ၀. ၇၄၉၄၀၀ | ၁. ၃၃၄၄၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၄၄၉ | ၁. ၆၀၁၃၀ |

***အင်တာနက်။***

# လုပ်အားဆုနှင့် လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၂ခုနှစ် လုပ်အားဆုနှင့် လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂၅ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့ အထက(၁)၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်း ၂၂၉ ဦးအတွက် လုပ်အားဆု၊ ယာဉ်စည်းကမ်းအကောင်းဆုံးဌာနခွဲဆု၊ ရန်ပုံငွေအများဆုံးပေးသွင်းသည့် ဌာနခွဲဆု၊ ယာဉ်စည်းကမ်းလိုက်နာမှုအကောင်းဆုံး ယာဉ်လုပ်သား ၁၀ ဦး၊ အခြေခံရှေးဦးသူနာပြုစုနည်း ရက်တိုသင်တန်းထူးချွန်ဆု သုံးဦးနှင့် ယာဉ်လိုင်းအလိုက် လုပ်အားယှဉ်ပြိုင်ဆုအပါအဝင် စုစုပေါင်း ငွေကျပ် ၅၉၈၃၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**



ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသောမဲရုံ၌ ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသောမဲရုံ၌ ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

နံနက်ပိုင်းမှစတင်၍ မဲရုံမှူးများက မဲရုံဖွင့်လှစ်ကြောင်း ကြေညာသည်နှင့် တစ်ပြိုင်တည်း စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေကြသည့် မဲဆန္ဒရှင် ပြည်သူများက ဆန္ဒမဲလက်မှတ်များ ထုတ်ယူပြီး မိမိနှစ်သက်ရာပါတီနှင့် ပုဂ္ဂိုလ်အား လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်ရှိ မဲရုံအမှတ်(၁/၁)သို့ ရောက်ရှိပြီး မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုကို လိုက်လံကြည့်ရှုသည်။

ယင်းသို့ မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုကို ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းထောက်များကလည်း မှတ်တမ်းတင်သတင်းရယူကြသည်။

ညနေ ၄ နာရီ မဲရုံပိတ်ချိန်တွင် မဲရုံမှူးများနှင့် မဲရုံတာဝန်ကျများက နေပြည်တော်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဥတ္တရသီရိမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ခန့်ထားသည့် ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များ၏ရှေ့၌ ဆန္ဒပြုမဲများနှင့် ပယ်မဲများကို စနစ်တကျ ရေတွက်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မဲဆန္ဒနယ် (၄)နယ်ဖြစ်သည့် ဇမ္ဗူသီရိမဲဆန္ဒနယ်တွင် မဲရုံပေါင်း (၃၆)ရုံ၊ ဥတ္တရသီရိမဲဆန္ဒနယ်တွင် မဲရုံပေါင်း(၄၉)ရုံ၊ ဒက္ခိဏသီရိမဲဆန္ဒနယ်တွင် မဲရုံပေါင်း (၁၇)ရုံနှင့် ပုဗ္ဗသီရိမဲဆန္ဒနယ်တွင် မဲရုံပေါင်း (၈၁)ရုံ ဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း (၁၆၅၀၀၀) ကျော်တို့က လွှတ်တော်ကိုယ်စားလှယ်အား ဆန္ဒမဲပေးရွေးချယ်ကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နံနက် ၆ နာရီမှ စတင်ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီးတို့သည် နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဒက္ခိဏသီရိမြို့နယ်ရှိ ဒက္ခိဏသီရိရပ်ကွက် မဲရုံအမှတ်(၂)သို့ လာရောက်၍ ဆန္ဒမဲပေးကြသည်။

ဒက္ခိဏသီရိမြို့နယ်တွင် မဲရုံပေါင်း (၁၇)ရုံ ဖွင့်လှစ်ထားရှိရာ မြို့နယ်အတွင်းရှိ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များသည်

**စာမျက်နှာ ၄ ကော်လံ ၃ သို့ ❖**



ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ၏ဇနီး ဒေါ်နန်းရွှေမှုန် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်ရှိ မဲရုံ၌ ဆန္ဒမဲပေးစဉ်။

(သတင်းစဉ်)



ဒက္ခိဏ သီရိ မြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင် ပြည်သူများ မဲလက်မှတ်များ ထုတ်ယူစဉ်။

(သတင်းစဉ်)

# လူငယ်အားမာန်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပန်းတောစံပြကျေးရွာ လူငယ်အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှမျိုးအောင်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးပိုင်နှင့် ရပ်မိရပ်ဖ ဦးဆောင်းတင်တို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၁၄ ပေနှင့် အမြင့် ၁၅ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း အဆောက်အအုံဖြစ်ပြီး ပြည်သူထည့်ဝင်ငွေကျပ် ၁၄ သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၂၄ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂-၄-၂၀၁၂ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ပရိတ်တရားတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၈း၀၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

**ညပိုင်း**

၄း၁၀ ၁။ ခါသကြံ့န်အဆိုအကများ
၄း၃၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၅၀ ၃။ မြန်မာစာ၊ မြန်မာစကား
၅း၂၅ ၄။ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ဆောင်ရွက်ပြီးစီးဖွင့်လှစ်ခဲ့သည့် တံတားများ"(အပိုင်း-၂)
၆း၀၀ ၅။ ညနေခင်းသတင်း
၆း၁၅ ၆။ မိုးလေဝသအခြေအနေ
၆း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်"(အပိုင်း-၁၇)**
၇း၅၀ ၉။ အနာဂတ်မြန်မာပြည် (ရိန်မိုး၊ ကိုရဲ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ဆုမွန်)
၈း၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ အနာဂတ်မြန်မာပြည် (ရိန်မိုး၊ ကိုရဲ၊ ဆုပန်ထွာ၊ ဝိုင်းစုခိုင်သိန်း၊ ဆုမွန်)
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၅။ အိန္ဒိယရုပ်ရှင် "ပန်းပျိုးသောလက်တစ်စုံ"(အပိုင်း-၃)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ ဆန္ဒမဲပေးစဉ်။
(သတင်းစဉ်)

❖ စာမျက်နှာ ၃ မှ

သက်ဆိုင်ရာမဲရုံအသီးသီးသို့ စုဝေးရောက်ရှိလာကြပြီး မိမိတို့နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေးရွေးချယ်ကြသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများ စနစ်တကျလွတ်လပ်ပွင့်လင်းစွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ညနေ ၄ နာရီတွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကိုဖွင့်ဖောက်၍ ထောက်ခံမဲနှင့် ပယ်မဲတို့ကို စနစ်တကျ ရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များ၌ မှတ်တမ်းတင်ရေးသွင်းကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံ၌ မဲရုံမှူးများနှင့် မဲရုံတာဝန်ကျများက ဆန္ဒပြုမဲများနှင့် ပယ်မဲများကို စနစ်တကျ ရေတွက်ကြစဉ်။ (သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၄-၂၀၁၂ (တနင်္လာနေ့)

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၈း၁၅ | မြန်မာသကြီန် |
| ၄း၁၅ | စိုက်ပျိုးသုတ |
| ၄း၂၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | မြန်မာသကြီန် |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၂၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဟာသလွင်ပြင်" (အပိုင်း-၉၃)** |
| ၆း၂၀ | သံစဉ်လမ်းက လင်းလက်ကြယ် |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ထောင်စုနှစ်သမီးပျို (အပိုင်း-၃)** |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း - မေးမြန်းစူးစမ်း -Talk of The Town -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၇)** -Mini Series |

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်သွားသော မဲဆန္ဒနယ်များ၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီတွင် နိုင်ငံတစ်ဝန်း၌ တစ်ပြိုင်နက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲကိုလည်း မြို့နယ်အတွင်းရှိ သတ်မှတ်မဲရုံအသီးသီး၌ ကျင်းပသည်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲရုံများသို့ သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများ၊ ပြည်တွင်း ပြည်ပသတင်းထောက်များက လာရောက်ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

ထိုသို့ကျင်းပရာ၌ နံနက် ၆ နာရီတွင် မဲရုံများစတင်ဖွင့်လှစ်ပြီး မဲဆန္ဒရှင်များက မြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ ဆန္ဒမဲပေးကြရာ ထိုသို့လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းပြည်ပ သတင်းထောက်များက လိုက်နာဆောင်ရွက်ရန် အချက်များနှင့်အညီ လေ့လာပြီး သတင်းရယူဆောင်ရွက်ကြသည်။

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရပ်ကွက်(၁၈)ရပ်ကွက်မှ မဲရုံပေါင်း (၇၉)ရုံ၌ မဲဆန္ဒရှင်ပြည်သူများသည် မိမိတို့နှစ်သက်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုရွေးချယ်၍ မဲပေးကြပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့ကလည်း ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ တံတားဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ နွားထိုးကြီးမြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့၌လည်း ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ လာရောက်ဆန္ဒမဲပေးခဲ့ကြကြောင်းနှင့် ယင်းသို့ဆန္ဒမဲပေးနေမှုကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများ၊ ပြည်တွင်း ပြည်ပ သတင်းထောက်များက လှည့်လည်ကြည့်ရှုလေ့လာကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများအား သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## အင်းလျားကန်ပေါင်ပေါ်တွင် အမှိုက်ပုံးများ စနစ်တကျထားရှိ

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းမဘက်ခြမ်းတွင်ရှိသော အင်းလျားကန်ပေါင်ပေါ်တွင် အမှိုက်ပုံးများကို စနစ်တကျစီစဉ်ထားရှိပေးလျက်ရှိရာ အပန်းဖြေလာရောက်သူများအနေဖြင့် အမှိုက်များကို စနစ်တကျစွန့်ပစ်သင့်ကြောင်း သိရသည်။

အဆိုပါ အမှိုက်ပုံးများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စီစဉ်ထားရှိခြင်းဖြစ်ပြီး အပန်းဖြေအနားယူရာထိုင်ခုံများဘေးတွင်သာမက လူသွားလမ်းတစ်လျှောက်တွင်လည်း ထားရှိပေးခြင်းဖြစ်သည်။ ထိုအင်းလျားကန်ပေါင်ရိုးမှာ နံနက်ခင်း ကျန်းမာရေးလေ့ကျင့်ခန်းလုပ်သူများသာမက နေ့ခင်းပိုင်း၊ ညနေပိုင်းအထိပင် စည်ကားလျက်ရှိပြီး ကမ္ဘာအေးဘုရားလမ်းဘက်ထက် ပြည်လမ်းမဘက် ကန်ပေါင်ရိုး၌ အပန်းဖြေသူများ ပိုမိုလာရောက်ကြခြင်းဖြစ်ကြောင်း သိရသည်။ (၆၈၀)



ပုဗ္ဗသီရိမြို့နယ်ရှိ ဆိတ်နံတုန်းကျေးရွာ မဲရုံအမှတ်(၂)၌ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးကြစဉ်။
(သတင်းစဉ်)

# စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်၊ ရှမ်းပြည်နယ်တို့၌ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကျင်းပ

**နေပြည်တော် ဧပြီ ၁**

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းရှိ လွှတ်တော်ကိုယ်စားလှယ် လစ်လပ်သွားသော မဲဆန္ဒနယ်များ၌ ယနေ့ နံနက် ၆ နာရီမှစတင်၍ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၊ ပုလဲမြို့နယ်နှင့် မင်းကင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နှင့် ကျွန်းစုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် လက်ပံတန်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၊ ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ ရှမ်းပြည်နယ် ကလောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ မအူပင်မြို့နယ်၊ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် မြန်အောင်မြို့နယ် စသည့် မဲဆန္ဒနယ်တို့၌လည်း မဲရုံများဖွင့်လှစ်၍ မဲဆန္ဒရှင် ပြည်သူများက ဆန္ဒမဲများ လွတ်လပ်ပွင့်လင်းစွာလာရောက်ပေးခဲ့ကြကြောင်း သိရှိရသည်။



ထိုသို့ မဲဆန္ဒရှင်များက စနစ်တကျ လွတ်လပ်ပွင့်လင်းစွာ ဆန္ဒမဲပေးနေမှုများကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများ၊ ပြည်တွင်း ပြည်ပ သတင်းထောက်များက လှည့်လည်ကြည့်ရှုလေ့လာကြပြီး မဲဆန္ဒရှင်ပြည်သူများအား သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရှမ်းပြည်နယ် ကလောမြို့နယ် မဲရုံများ၌ ဆန္ဒမဲလက်မှတ်ထုတ်ယူစဉ်။ *(အပေါ်ဝဲပုံ)*နှင့် လားရှိုးမြို့နယ် မဲရုံများ၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးကြစဉ်။ *(ဝဲပုံ)* (သတင်းစဉ်)

**✻ ကျောဖုံးမှ**

ထို့နောက် ဆာဗီးယားသံရုံး ယာယီတာဝန်ခံနှင့်အဖွဲ့၊ ဘရူနိုင်းလေ့လာရေးအဖွဲ့၊ ဥရောပသမဂ္ဂမှ လေ့လာရေးအဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် (၉၄)ရပ်ကွက် ကံ့ကော်လမ်းရှိ



**မရမ်းကုန်းမြို့နယ်အတွင်းရှိ မဲရုံများတွင် နိုင်ငံတကာမှ လေ့လာသူများ ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ရပ်ကွက်(၁၄)ရပ်ကွက်နှင့် ကျေးရွာ(၄)ရွာတို့၌ မဲရုံပေါင်း(၆၇)ရုံ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်စွာ မဲပေးကြသည်။

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက ပြည်သူ့လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျဆန္ဒမဲပေး ရွေးချယ်နေမှုကို မင်္ဂလာတောင်ညွန့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းဇော်နှင့် အဖွဲ့ခွဲဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက ပြည်သူ့လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှုကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များက ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုလေ့လာကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများအား သိလိုသည်များကို မေးမြန်းကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်၌ မဲရုံပေါင်း(၆၈)ရုံ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ လွတ်လပ်စွာ မဲပေးကြသည်။

ညနေ ၄ နာရီ မဲရုံပိတ်ချိန်၌ သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များသည် မဲရုံများ၌ မဲရုံမှူးနှင့် မဲရုံတာဝန်ကျများက တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူများရှေ့၌ ဆန္ဒပြုမဲများနှင့်ပယ်မဲများ စနစ်တကျ စိစစ်ရေတွက်မှုကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

**မရမ်းကုန်းမြို့နယ်အတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးကြစဉ်။**

(သတင်းစဉ်)



**လှည်းကူးမြို့နယ်အတွင်းရှိ မဲရုံများတွင် သံတမန်များနှင့် နိုင်ငံတကာမှ လေ့လာသူများ ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)



# အောက်ပိုင်းဒေသများ ကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ မန္တလေးတိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်မှာ** မင်းဘူးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဘားအံမြို့တွင် သုည ဒသမ ၃၂ လက်မ၊ မုဒုံမြို့နှင့် မြဝတီမြို့တို့တွင် သုည ဒသမ ၁၆ လက်မစီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ထူးခြားသည့်အခြေအနေ။ ။** ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းပက်(ခ်)ရာသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ယင်းအပူပိုင်းမုန်တိုင်းသည် အနောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားပြီး ယနေ့မွန်းတည့်မှ နောက် ၁၂ နာရီအတွင်း ဗီယက်နမ်နိုင်ငံတောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ ။ ။** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက် ။ ။** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

# တောင်သူများ မိုးကာလအတွက် ပြင်ဆင်

**ရမည်းသင်း ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများရှိ တောင်သူများမှာ အားလပ်သော ယခုလိုရာသီများ၌ လှည်းမီးချခြင်း (လှည်းပြင်ဆင်)ခြင်းလုပ်ငန်းများ လုပ်ဆောင်ကြသည်ကို လေ့လာတွေ့ရှိရသည်။

တောင်သူများအတွက် လယ်ယာလုပ်ငန်းခွင်နှင့် ကဏ္ဍအသီးသီးအတွက် မရှိမဖြစ်လိုအပ်သောပစ္စည်းမှာ လှည်းဖြစ်သည်။ မိုးဦးမကျမီကာလအကြို လှည်းများပြင်ဆင်ခြင်းလုပ်ငန်း ပြုလုပ်ကြသည်။ လှည်း၏ အဓိကကျသော လှည်းဘီးများ ပြင်ဆင်ခြင်းဖြစ်သည်။ ယင်းကို လှည်းမီးချသည်ဟု ခေါ်ကြသည်။ **(ယာပုံ)**

လှည်းဘီးမှာ အသုံးပြုထားသော အချိန်ကာလကို လိုက်၍ လှည်းဘီးတွင် ပါဝင်သော သစ်သားနှင့် သံထည်တို့၏ လိုအပ်သော အစိတ်အပိုင်းတို့ကို ပြင်ဆင်ကြခြင်းဖြစ်သည်။

အသုံးပြုခဲ့သော လှည်းဘီး၏ သက်တမ်းအပေါ် မူတည်၍ မူလသံခွေအကြီး(လှည်းဖနောင့်သံ) လဲလှယ်အစားထိုးခြင်း၊ ဒေါက်နှင့် တံကူအစားထိုးလဲလှယ်ပြုပြင်ခြင်း၊ လှည်းဘီး၏ အလယ်ဗဟိုတွင်ရှိသော ပုံတောင်းလုံး သစ်သားအတွင်းတွင် ထည့်သွင်းထားသော ဆိတ်မျက်လုံး(သံခွေအသေး)အစရှိသည်တို့၏ လိုအပ်ချက်ကို ပြုပြင်ဆောင်ရွက်ကြသည်။ ပြုပြင်မှုအတွက် ဝန်ဆောင်ခမှာ ပြင်ဆင်မှုအနည်းအများပေါ်တွင် မူတည်သည်ဟု သိရသည်။ လှည်းဘီးတွင် ပါဝင်သော သံခွေများကို ယခင်က မီးသွေးမီးဖို (ဖားဖို)ဖြင့် မီးဖုတ်ကာ ဆက်ရသည်။



လှည်းမီးချခြင်း (လှည်းပြင်ဆင်ခြင်း) လုပ်ငန်းကို တပို့တွဲလမှစ၍ တန်ခူးလပြောင်းလဲတိုးတက်လာသော အချိန်အခါနှင့် လျော်ညီစွာ ယခုအခါသံခွေဝိုင်းများဆက်ခြင်းကို အင်ဂျင်စက်များအသုံးပြု၍ အဆင့်မြင့် သံဂဟေနည်းပညာများဖြင့် ပြုလုပ်ကြသောကြောင့် အချိန်ကုန်သက်သာသည်ဟု သိရသည်။ မိုးမကျမီကာလအထိ ပြုလုပ်ကြသည်ဟု သိရပြီး ယခုကဲ့သို့ လှည်းမီးချကာ ကြိုတင်ပြင်ဆင်ထားသည့်အတွက် တောင်သူများမှာ မိုးဦးကျလုပ်ငန်းခွင်တွင် အဆင်သင့်ဖြစ်ကာ လှည်းသက်တမ်းလည်း ကြာရှည်ခိုင်ခံ့သည်ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။ (၆၅၄)

# အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဖွင့်ပွဲအခမ်းအနား တောင်ကြီး၌ ကျင်းပ

**နေပြည်တော် ဧပြီ ၁**

အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ဖြူဖြူညွန့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်မိရပ်ဖများက ကြည့်ရှုအားပေးကြပြီး ညောင်ရွှေဟော်ကုန်း၊ ချမ်းမြသာစည်နှင့် ချမ်းသာရပ် ဆေးထိုးစုရပ်များသို့လည်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

**ယနေ့ ဖတ်စရာ မှတ်စရာ**

# ဟေး. . . ငါပါကွ-

**ကိုချစ်**

"ဟေး. . . ငါပါကွ. . ." ဟူသော ပြောသံကြောင့် အနားရှိ မြင်တွေ့သိရှိသူခရီးသည်များက ဝါးလုံးကွဲရယ်သံမျိုးမဟုတ်သည့် ပြုံးစိစိရယ်ခြင်းမျိုးဖြင့် ရယ်မိကြသည်။ အကြောင်းကား. . .

တစ်နေ့. . . ရုံးအသွား။ သိမ်ဖြူလမ်း စာတိုက်မှတ်တိုင်မှ အထွက် လိုင်းကားပေါ်၌ ကြုံဆုံရသောဖြစ်ရပ်ကြောင့် ဖြစ်ပါ၏။

ရန်ကုန်မြို့ မိုးတွင်းကာလရောက်ပြီဟုဆိုလျှင် ရေကြီးရေလျှံအမြဲဖြစ်တတ်သည့် သိမ်ဖြူလမ်းမကြီးတစ်လျှောက်ကို ယခုနှစ်မှစ၍ ထိုသို့မဖြစ်ရလေအောင် သက်ဆိုင်ရာက အဆင့်မြှင့်တင် လမ်းခင်းပြုပြင်နေသည်။ မပြီးသေးပါ။ ယင်းကြောင့် လိုင်းကား၊ အငှားကား၊ ကိုယ်ပိုင်ကားနှင့် လုပ်ငန်းသုံးကားများ လမ်းကြောင်းမှန်တွင် ဖြည်းဖြည်းချင်း ဘီးတစ်လှိမ့်ချင်းသွားနေကြသည့် နေ့ရက်တစ်ရက်။ မိမိစီးနင်းခဲ့သည့်လိုင်းကားက သိမ်ဖြူလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့် မီးပွိုင့်တွင် မီးနီမိ၍ ခေတ္တရပ်စောင့်နေချိန်တွင် ဖြစ်ပါ၏။

"ဗျို့. . . ကားပေါ်မှာ ဆေးလိပ်မသောက်ရဘူးလေ"

ဟိုမှာ. . . စာကပ်ထားတယ်မတွေ့ဘူးလား. . ." ဟူ၍

မေတ္တာရပ်ခံသံနှင့် ဟောက်သံရောနှောသည့်လေသံဖြင့် ကားနောက်ဘက်ပိုင်းမှ ယာဉ်နောက်လိုက်တစ်ဦးက ဆေးလိပ်ငွေ့မှုတ်ထုတ်လိုက်သည့် ကားရှေ့ဘက်ဆီသို့ လှမ်းပြောလိုက်သည်နှင့် တစ်ဆက်တည်းတွင်. . .

"ဟေး. . . ငါပါကွ"

မီးပွိုင့်မိစဉ် တစ်ခဏလေးအတွင်း ဆေးလိပ်တရှိုက်သောက်မိ။ ဆေးလိပ်ငွေ့မှုတ်ထုတ်လိုက်မိသည့် ယာဉ်မောင်းကိုယ်တိုင်လှမ်းပြောလိုက်ရာမှ ယာဉ်ပေါ်ပါအနီးအနားရှိ မိမိတို့ခရီးသည်များက ဖော်ပြပါအတိုင်း ပြုံးစိစိဖြင့် ရယ်ဖြစ်ခဲ့ရခြင်းဖြစ်သည်။

ယာဉ်မောင်းနေစဉ်အတွင်း ဆေးလိပ်သောက်ခြင်းမဟုတ်ပါ။ မီးပွိုင့်မိစဉ် တစ်ချက်ကလေးရှိုက်လိုက်ခြင်းသာဖြစ်သည်။

မိမိတို့ လိုင်းကားစီးခရီးသည်များကြားတွင် ဆေးလိပ်သောက်ပြီး စီးနင်းသည့် ခရီးသည်များကို မတွေ့မမြင်ရသည်မှာကြာပါပြီ။ ခရီးသည်များ ယခင်ကကဲ့သို့ ဆေးလိပ်(လုံးဝ) မသောက်ကြတော့ပါ။ ကွမ်းစားပြီး လိုင်းကားပေါ်တက်လာသည့် ခရီးသည်များကိုမူ တွေ့နေရပါသေးသည်။

CNG ယာဉ်များချည်းဖြစ်ကြသည့် လိုင်းကားပေါ်တွင် ဆေးလိပ်သောက်ခြင်းသည် မိမိအပါအဝင် ခရီးသည်အများစုအတွက် အလွန်အန္တရာယ်များလှပါသည်။ ခရီးသည်အများစုက ဤသည်ကိုနားလည်သည်။ လက်ခံကြသည်။ လိုင်းကားပေါ်တွင် ဆေးလိပ်မသောက်ကြတော့ပါ။ သောက်သည်ကို မတွေ့ရတော့ပါ။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကိုယ်တိုင်လည်း မီးပွိုင့်မိစဉ်နှင့် ယာဉ်မှတ်တိုင်၌ ခေတ္တရပ်စဉ်တို့အတွင်း ယာဉ်ပေါ်ဆေးလိပ်မသောက်ခြင်း၊ ကွမ်းမစားခြင်းဖြင့် ပူးပေါင်းပါဝင်လာရေးကို မိမိတို့ယာဉ်စီး ခရီးသည်အားလုံးက မျှော်လင့်နေကြပါသည်။

လိုင်းကားစီးခရီးသည်တိုင်းက ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များထံမှ မိမိလိုရာခရီးကို အန္တရာယ်ကင်းရှင်းချောမွေ့စွာ ရောက်ရှိရေး၊ နွေရာသီပူပြင်းသည့် အပူဒဏ်ကို လိုင်းကားပေါ်တွင် အချိန်ကြန့်ကြာစွာ ကြိတ်မှိတ်မခံစားရရေးဟူသော စေတနာလက်ဆောင်ကောင်းများတုံ့ပြန်မှုကိုသာ ရယူလိုကြပါသည်။

"ဟေး. . . ရေတစ်ဘူးလောက်

ဗမာဆေးနဲ့တစ်ထုပ်. . . ဆေးလိပ်တစ်လိပ်လောက်. . ."

ဟူ၍ မှတ်တိုင်အနီး လမ်းဘေးကွမ်းယာဆိုင်မှ ရေဘူး၊ ကွမ်းယာ၊ ဆေးလိပ်တို့ကို စိမ်ပြေနပြေ ဝယ်ယူ တတ်သည့် လက်ဆောင်မျိုးကိုမူ မရယူလိုကြပါ။

အထူးသဖြင့်. . .

အများအန္တရာယ်ဖြစ်စေမည့် "ဟေး. . ငါပါကွ" ဆိုသည့် မူဟန်သွယ်သွယ်လုပ်ရပ်မျိုး၊ လက်ဆောင်မျိုးကိုလည်း မရယူချင်ကြတော့ပါဗျာ။ ။

# လစ်ဗျားနိုင်ငံ ဆပ်ဟာအိုအေစစ်တွင် မျိုးနွယ်စုများတိုက်ခိုက် ခြောက်ပတ်အတွင်း လူ ၁၀၀ နီးပါး သေဆုံးခဲ့

**ထရီပိုလီ ဧပြီ ၁**

လစ်ဗျားနိုင်ငံတောင်ပိုင်း ဆပ်ဟာအိုအေစစ်၌ စနေနေ့က မျိုးနွယ်စုများ တိုက်ခိုက်ကြသဖြင့် အနည်းဆုံး ၁၆ ဦး သေဆုံး၍ ရက်သတ္တခြောက်ပတ်အတွင်း သေဆုံးသူ လူ ၁၀၀ နီးပါး ရှိသွားပြီ ဖြစ်သည့်အပြင် ဒဏ်ရာရသူ ဒါဇင်ပေါင်းများစွာ ရှိနေပြီဖြစ်သည်ဟု မတ် ၃၁ရက်က အေအက်ဖ်ပီ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

နံနက်စောစောပိုင်းနှင့် မွန်းလွဲပိုင်း၌ဖြစ်ပွားသော တိုက်ပွဲများတွင် ရှစ်ဦးသေဆုံး၍ ၅၀ ဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရရှိသော အာရပ်မျိုးနွယ်စုများကို ပြုစုကုသပေးနေသည့် ဆပ်ဟာဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောသည်။

တူဘူမျိုးနွယ်စုအတွင်းမှ သတင်းပေးသူတစ်ဦးက ၎င်းတို့၏ လူရှစ်ဦး သေဆုံးခဲ့ကြောင်း ပြောသည်။

၎င်းတို့သည် ယမန်နေ့ကတည်းက အိပ်စက်ခြင်းမပြုရသေးကြောင်း၊ တူဘူမျိုးနွယ်စုတို့သည် နံနက်ပိုင်းကတည်းက လာရောက်တိုက်ခိုက်နေကြကြောင်း၊ ဤအရပ်တွင် နေထိုင်သူအားလုံးသည် ခုခံရန်အတွက် လက်နက်များ စွဲကိုင်နေကြပြီဖြစ်ကြောင်း ၎င်းဆရာဝန်ကပင် အေအက်ဖ်ပီသို့ ပြောကြားသည်။

**တိုက်ခိုက်မှုများ ပေါ်ပေါက်**

အာရပ်မျိုးနွယ်စုတို့က တူဘူတို့သည် ၎င်းတို့၏လူတစ်ဦးကို သတ်ခဲ့ကြောင်းစွပ်စွဲရာမှ တနင်္လာနေ့တွင် တိုက်ခိုက်မှုများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ပထမသုံးရက်တိုက်ပွဲတွင် လူ ၇၀ကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း လစ်ဗျားအစိုးရ ပြောရေးဆိုခွင့်ရှိသူ နာဆာ အယ်လ်မားနားက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။ ထိုရက်များနောက်တွင် အနည်းဆုံး ၂၄ ဦး ထပ်မံသေဆုံးခဲ့ပြီဖြစ်သည်ဟုဆိုသည်။

**အင်တာနက်။**




ဆပ်ဟာအိုအေစစ်တိုက်ပွဲဖြစ်ရာအရပ်မှ မီးခိုးလုံးကြီးများ တက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အသံထက်မြန်သော ခရုဇ်ဒုံးကျည်ထုတ်လုပ်ရေး ရုရှားနှင့် အိန္ဒိယတို့ ဆွေးနွေး

**နယူးဒေလီ ဧပြီ ၁**

ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အသံထက်မြန်သော ခရုဇ်ဒုံးကျည်ထုတ်လုပ်ရေးအတွက် ဆွေးနွေးလျက်ရှိရာ ယင်းဒုံးကျည်၏ ပဏာမပုံကြမ်းအတွက် သဘောတူညီချက် ရရှိလုနီးဖြစ်သည်ဟု အိန္ဒိယတာဝန်ရှိသူများက မတ် ၃၀ ရက်တွင် ပြောကြားသည်။

မဝေးတော့သော အနာဂတ်တွင် မိမိတို့လုပ်ငန်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများ စတင်တော့မည်ဖြစ်ပြီး ယင်းမှ ဒုံးကျည်ထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ကန့်သတ်မှုဘောင်များထုတ်ဖော်လာမည်ဟု ရုရှားနှင့်အိန္ဒိယတို့ ပူးပေါင်းထုတ်လုပ်မည့် ဘရာမို့စ်ခရုဇ်ဒုံးကျည်အစီအစဉ်၏ အကြီးအကဲ ဗရာဗင်ပ့ါက်ဟက်က ဒိုဗော့စတီသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါဒုံးကျည်သည် အသံအလျဉ်နှုန်း၏ ငါးဆမှ ခုနစ်ဆ (တစ်နာရီလျှင် မိုင် ၃၈၀၀ မှ မိုင် ၅၃၀၀)နှုန်းဖြင့် ပျံသန်းနိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လေယာဉ်မှပစ်လွှတ်မည့် ရုရှားနှင့် အိန္ဒိယတို့ ပူးပေါင်းထုတ်လုပ်သော ဘရာမို့စ် ခရုဇ်ဒုံးကျည်အမျိုးအစားကို ယခုနှစ်ကုန်ပိုင်းတွင် စမ်းသပ်ပစ်ခတ်မည်ဖြစ်ပြီး မြေပြင်မှပစ်လွှတ်နိုင်သော ဘရာမို့စ်ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုကို မတ်လအစောပိုင်းက ပြုလုပ်ခဲ့သည်။

**အင်တာနက်။**

# ထိုင်းနိုင်ငံတောင်ပိုင်း ဗုံးသုံးလုံးပေါက်ကွဲ သေဆုံးသူ ရှစ်ဦးရှိ

**ဗန်ကောက် ဧပြီ ၁**

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် ပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားခဲ့သည်။

စီးပွားရေးအချက်အချာဒေသဖြစ်သည့် ယာလာမြို့တွင်း၌ နေ့လယ်ပိုင်းအချိန်တွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း အုပ်ချုပ်ရေးမှူး သျှင်သီရိကပြောသည်။

ဗုံးသုံးလုံးအနက် နှစ်လုံးမှာ မော်တော်ဆိုင်ကယ်အတွင်း၌ ဝှက်ထားခဲ့ကြောင်း၊ တတိယဗုံးမှာ ကားတစ်စီးအတွင်းဝှက်ထားခဲ့ကြောင်း အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောသည်။

ထိုင်းနိုင်ငံ၏တောင်ဘက်စွန်း ပြည်နယ်သုံးခုတွင် ခွဲထွက်ရေးလှုပ်ရှားမှု ကျယ်ပြန့်လာသော ၂၀၀၄ ခုနှစ်မှ စတင်၍ ဗုံးခွဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးငယ်များဖြင့် ပစ်ခတ်ခြင်းတို့ကြောင့် ဒုက္ခကြုံတွေ့ခဲ့ရသည်။

အဆိုပါဗုံးပေါက်ကွဲမှုများ၏ နောက်ကွယ်တွင်မည်သည့် မူဆလင်သောင်းကျန်းသူအုပ်စု လုပ်ဆောင်ချက်ဖြစ်သည်ဟု ပြောရန် သေချာခြင်းမရှိသေးကြောင်း စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သျှင်သီရိက ပြောသည်။

အေပီနှင့်ရိုက်တာသတင်းဌာနများက စနေနေ့ ဗုံးပေါက်ကွဲခြင်းကြောင့် သေဆုံးသူဦးရေသည် ရှစ်ဦးဖြစ်ပြီး အေအက်ဖ်ပီသတင်းဌာနက ယာလာပြည်နယ်ဆေးရုံအရေးပေါ်ဌာန၏ ပြောကြားချက်ကိုကိုးကား၍ သေဆုံးသူကိုးဦးဟု ဖော်ပြထားသည်။

**အင်တာနက်။**



ယာလာပြည်နယ်တွင် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



# မလေးရှားနိုင်ငံရှိ သတ္တုတွင်း၌ မတော်တဆဖြစ် တရုတ်အလုပ်သမားသုံးဦးသေဆုံး

**ကွာလာလမ်ပူ ဧပြီ ၁**

မလေးရှားနိုင်ငံ ပင်နီဆူလာအရှေ့ပိုင်း ဆာရာဝပ်ခ်ပြည်နယ်ရှိ သတ္တုတွင်း၌ မတော်တဆမှုဖြစ်ပွားကြောင်း၊ တရုတ်လူမျိုး အလုပ်သမားသုံးဦးသေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်မြို့တော်ကူချင်းရှိ တရုတ်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ဧပြီ ၁ ရက်တွင် အတည်ပြုပြောကြားသည်။

**၁၃ ဦး ဒဏ်ရာရ**

အဆိုပါသတ္တုတွင်း မတော်တဆမှုသည် မတ် ၃၀ရက်က ဖြစ်ပွားကြောင်း၊ ဖြစ်ပြီးပြီးချင်း ဒဏ်ရာရသွားသော အလုပ်သမားများအား ဘေးကင်းလုံခြုံစွာ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းတို့အား ဆေးရုံနှစ်ရုံသို့ ပို့ဆောင်ဆေးကုသပေးလျက်ရှိကြောင်း၊ ဒဏ်ရာရသူ ၁၃ ဦးအနက် တစ်ဦးမှာ သေလုမျောပါးဖြစ်နေပြီး သုံးဦးမှာ ဒဏ်ရာသက်သာသဖြင့် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အသက် ၄၉ နှစ်၊ ၅၀ နှစ်၊ ၄၃ နှစ် အသီးသီးရှိ တရုတ်အလုပ်သမားသုံးဦးမှာ မီးခိုးမွန်ကာ အသက်ရှူကျပ်၍ သေဆုံးရခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲ၏ ပြောကြားချက်ကို ကိုးကား၍ ပနားမားသတင်းဌာနက ရေးသားဖော်ပြသည်။

**ဆင်ဟွာ။**

# အစ္စလာမ္မစ်အစွန်းရောက်များကို ပြင်သစ်ရဲတပ်ဖွဲ့ ဖမ်းဆီး

**ပါရီ ဧပြီ ၁**

ပြင်သစ်ရဲတပ်ဖွဲ့က သောကြာနေ့ အရှက်မတက်မီ အစ္စလာမ္မစ်အစွန်းရောက်များကို နှိမ်နင်းရာတွင် လူ ၁၉ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး အော်တိုမစ်တစ်ရိုင်ဖယ်သေနတ်များနှင့် အခြားသေနတ်များကို သိမ်းယူခဲ့သည်။

ယင်းကဲ့သို့ နှိမ်နင်းမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဆီက သတိပေးသည်။

သောကြာနေ့က ဖမ်းဆီးထားသူများနှင့် တူလူစီ၊ မွန်တာဆန်တိုတွင် အကြမ်းဖက်တိုက်ခိုက်မှုများ၌ တာဝန်ရှိသူ မိုဟာမက် မီးရတ်ချ်အကြားတွင် အဆက်အသွယ်မရှိကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။

**အင်တာနက်။**

# ရေလွှမ်းမိုးမှုများ ဖြစ်ပွားနေသည့် ဖီဂျီနိုင်ငံ၌ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာ

**ဖီဂျီကျွန်းစု ဧပြီ ၁**

ရေလွှမ်းမိုးမှုများဖြစ်ပွားနေသည့် ဖီဂျီနိုင်ငံတစ်ဝန်းတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားပြီး မိုးသည်းထန်စွာရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများ အဆက်မပြတ် ဖြစ်ပွားနေသည့် အဆိုပါ ပစိဖိတ်တောင်ပိုင်း ကျွန်းနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများအား ယင်းဖြစ်စဉ်များ ဖြစ်ပွားနေချိန်၌ အဝေးသို့ မသွားကြရန် သတိပေးနှိုးဆော်ထားသည်။

**လူနှစ်ဦးသေဆုံး**

ရတ်တရက် ရေလွှမ်းမိုးမှုများ ဖြစ်ပွားနေစဉ်အတွင်း ခရီးသွားများ၏ လုံခြုံမှုကို အာမခံချက်မပေးနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ရေလွှမ်းမိုးမှုများကြောင့် လူ ၅၀၀၀ ကျော်ကို ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး အနည်းဆုံး လူနှစ်ဦး သေဆုံးခဲ့ရသည်ဟုဆိုသည်။

ဖီဂျီနိုင်ငံပိုင်လေကြောင်း အဲပစိဖိတ်က ပြောကြားရာတွင် ဧပြီ ၁ ရက်တွင် စီစဉ်ထားသည့် လေကြောင်းခရီးစဉ်အားလုံးကို ဖျက်သိမ်းထားပြီး ကန့်သတ်ပျံသန်းပြေးဆွဲမည့် ခရီးစဉ်များ၌ လိုက်ပါမည့် ခရီးသည်များအနေဖြင့် အစစ်ဆေးခံရန် နာဒီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အသင့်ရှိနေမည်ဟု ဆိုသည်။

ဖီဂျီလေဆိပ်တွင် ရာနှင့်ချီရှိသော ခရီးသည်များ ထွက်ခွာခွင့်ရရန် စောင့်ဆိုင်းလျက်ရှိသည်။

**အင်တာနက်။**

# ထိုင်းအရှေ့ပိုင်း ကမ်းခြေတွင် လေမုန်တိုင်းတိုက်ခတ် အိမ်အလုံး ၂၀၀ ခန့် ပျက်စီး

**ဗန်ကောက် ဧပြီ ၁**

ထိုင်းနိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းခြေဒေသ ရာယွန်းပြည်နယ်တွင် မတ် ၃၁ ရက် ညပိုင်းက နွေရာသီအချိန် မုန်တိုင်းတိုက်ခတ်ရာ လူနေအိမ်ခြေအလုံး ၂၀၀ ခန့် ပျက်စီးသွားကြောင်း ဧပြီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ပင်လယ်ကမ်းခြေဒေသတစ်လျှောက်ရှိ လူနေအိမ်များမှာ မတ် ၃၁ ရက် ညပိုင်းတွင် ရုတ်တရက် မိုးသည်းထန်ပြီး လေပြင်းမုန်တိုင်း ကျရောက်မှုဒဏ်ကိုခံကြရကြောင်း၊ အိမ်များသာမက ဆိုင် ၁၉ လုံးပါ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးရကြောင်း ပါလာခရိုင်မြို့တော်ဝန် ဆွန်ပုန်လူယာလုံက ပြောကြားသည်။

ယင်းမုန်တိုင်းသည် တောင်တရုတ်ပင်လယ်ကိုဖြတ်၍ ဗီယက်နမ်တောင်ပိုင်း၌ မတ် ၃၀ရက် ည သို့မဟုတ် ဧပြီ ၁ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း ပက်ခ်ဟာအမည်ရှိ အပူပိုင်းမုန်တိုင်းဖြစ်ကြောင်း မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ဆိုသည်။

**ဆင်ဟွာ။**

## မော်တော်ယာဉ်များ မီးလောင်မှုသတိပြု

မော်တော်ယာဉ်များအသုံးပြုရာတွင် မောင်းနှင်နေစဉ်နှင့်ရပ်ထားစဉ် ဝါယာရှော့ဖြစ်ခြင်း၊ ကားဂက်(စ်)အိုးအဝင် ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ် ဆီထည့်ခြင်း၊ ကာပရိုက်တာ ဆီလျှံခြင်း၊ ကားခေါင်းခန်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသောရာသီကာလ နေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန်ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့်ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ကာ မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး (Dry Chemical Powder) အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**



လှိုင်းဘွဲ့မြို့နယ်အတွင်း သီးထပ်နွေစပါးများ အထွက်တိုးစေရန်အတွက် တည်ဆောက်ပေးထားသည့် ရေဘုတ်ဆည်ကို တွေ့ရစဉ်။

# ကရင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ဖော်ဆောင်ပေးထားသည့် ဆည်တမံများ





နိုင်ငံတော်က ဆည်မြောင်းတာတမံများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအနှံ့ တည်ဆောက်အကောင်အထည်ဖော်ပေးမှုကြောင့် စိုက်ပျိုးလုပ်ကိုင်သူ တောင်သူဦးကြီးများအတွက် လယ်ယာသီးနှံများ ဖူလုံပိုလျှံစွာထုတ်လုပ်နိုင်သည်။ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသမှ တိုင်းရင်းသားတောင်သူလယ်သမားဦးကြီးတို့၏ လယ်ယာစီးပွားကဏ္ဍ တိုးတက်မြင့်မားစေရန် စိန်ပန်းမြိုင်ရေလှောင်တမံ (အပေါ်ပုံ)ကို တည်ဆောက်ပေးခဲ့သည်။

ကယားပြည်နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန် နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိရာ လယ်ယာမြေကေများစွာကို စိုက်ပျိုးရေ လုံလောက်စွာ ဖြန့်ဖြူးပေးဝေနေသည့် ဒီမောဆိုမြို့နယ် လွိုင်နန်းဖရှာအနီး လွိုင်နန်းဖရေလှောင်တမံ(ယာပုံ)ကို တွေ့ရစဉ်။

သတင်းမှတ်စု - မောင်ငြိမ်းအေး



ကယားပြည်နယ်တွင် လယ်ယာစိုက်ပျိုးရေးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် ဆည်တမံများ တည်ဆောက်ပေးခဲ့ရာ စိုက်ပျိုးရေများ စိုက်ပျိုးမြေများသို့ ပို့လွှတ်ပေးလျက်ရှိသည့် ငွေတောင်ဆည်ကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လှည်းကူးမြို့နယ်၌ ဒေသခံများနှင့်တွေ့ဆုံ

**နေပြည်တော် ဧပြီ ၁**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မတ် ၃၁ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဒေသခံရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၈)ခုတင်ဆံ့ ဒါးပိန်တိုက်နယ်ဆေးရုံအား (၁၆)ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဆောက်လုပ်ရန် မြေနေရာရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒါးပိန်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ သိမ်ကုန်းကျောင်းတိုက်၊ သနပ်ပြင်ကျေးရွာနှင့် အင်းတိုင်ကျေးရွာတို့၌ ဆရာ ဆရာမများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကွမ်းလုံနှင့် ဟိုပန်မြို့တို့၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

**နေပြည်တော် ဧပြီ ၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် မတ် ၂၉ ရက် နံနက် ၁၁ နာရီတွင် ကွမ်းလုံခရိုင် ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ဟိုပန်မြို့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံး၌လည်းကောင်း ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ကွမ်းလုံမြို့ တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မီးဘေးသင့်အိမ်ထောင်စုများအတွက် အလှူငွေကျပ် ၆၅ သိန်း ပေးအပ်ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက မီးဘေးသင့် ဘုန်းတော်ကြီးကျောင်းအတွက် သက်န်းများကို လှူဒါန်းသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဟိုပန်မြို့၌ ချယ်ရီမေတ္တာဖောင်ဒေးရှင်း၏ စက္ကူဒါန လှူဒါန်းပွဲသို့ တက်ရောက်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းကာ ဟိုပန်မြို့ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့နယ်ခွဲသို့ သွားရောက်ပြီး ချင်းရွှေဟော်နယ်စပ်စစ်ဆေးရေးဂိတ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် အသင်းနှင့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (၁၉)

# အမျိုးသားဟော်ကီအမှတ်ပေးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဧပြီ ၁**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပ သည့် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအမှတ်ပေး ဟော်ကီပြိုင်ပွဲကို သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ယနေ့ဆက်လက်ကျင်းပရာ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ဧပြီ ၂ ရက်တွင် တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။ (၁၉)

# နွေရာသီသင်တန်း ကာယဗလမောင်နှင့် ကာယအလှမယ်ရွေးမည်

**ရန်ကုန် ဧပြီ ၁**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ဖွင့်လှစ်သော (၂၀၁၂)ခုနှစ် နွေရာသီ ကာယဗလနှင့် ကာယအလှသင်တန်းဆင်း အရည်အချင်းစစ်ပြိုင်ပွဲအဖြစ် နွေဇကေရီကာယအလှမယ်နှင့် ကာယဗလမောင်ရွေးပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ဧပြီ ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များ ဆေးစစ်ခြင်းနှင့် အတန်းခွဲခြင်းကို ဧပြီ ၇ ရက် နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားကွင်း အထူးတန်းခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။ ကာယအလှမယ်ပြိုင်ပွဲကို အငယ်တန်းနှင့် အကြီးတန်းဟူ၍ ခွဲခြားထားပြီး ကာယဗလမောင်တွင် (၅၅) (၆၀)(၆၅) (၇၀) ကီလိုနှင့်အထက်တန်းဟူ၍ ခွဲခြားထားသည်။ စည်းမျဉ်းစည်းကမ်းများ အသေးစိတ်သိရှိလိုပါက အဖွဲ့ချုပ်အမှုဆောင်သင်တန်းတာဝန်ခံ ဦးကျော်စိန်သန်း ဖုန်း-၀၉-၇၃၂၁၈၅၄၆ သို့ မေးမြန်းဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကာယဗလနှင့်ကာယအလှအဖွဲ့ချုပ်)

# မဟာသင်္ကြန် စက်သုံးဆီအရောင်းဆိုင်များဖွင့်မည်

**မန္တလေး ဧပြီ ၁**

စက်သုံးဆီဈေးနှုန်း တည်ငြိမ်ရေးနှင့် ရေပက်ခံထွက်သူများ စက်သုံးဆီ လွယ်ကူစွာ ဝယ်ယူနိုင်စေရေးအတွက် မန္တလေးမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များအား မဟာသင်္ကြန်ရက်များအတွင်း ပိတ်ရက်မရှိရောင်းချပေးနိုင်ရန် စက်သုံးဆီတင်သွင်းရောင်းချသူများအသင်းမှ စီစဉ်ထားသည်။ ပြည်တွင်းအခွန်များဦးစီးဌာနကလည်း ဧပြီ ၁ ရက်မှ စတင်ကာ သွင်းကုန်အပေါ်ကောက်ယူသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ယခင်က ဓာတ်ဆီအတွက် ကောက်ယူသည့် အခွန် ၁၇၀ ရာခိုင်နှုန်းအစား ၁၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဒီဇယ်အတွက်ကောက်ယူသည့် အခွန် ၉၀ ရာခိုင်နှုန်းအစား ၁၀ ရာခိုင်နှုန်းသို့ လည်းကောင်း လျှော့ချကောက်ယူသဖြင့် စက်သုံးဆီဈေးနှုန်းတက်ရန် အလားအလာမရှိကြောင်း သိရသည်။ (၆၅၃)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# စာဖတ်ရှိန်မြှင့်တင်ရေးဆုချီးမြှင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆုချီးမြှင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို မတ် ၃၁ ရက် နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ အာခါတိုင်းရင်းသားရေးရာဝန်ကြီး ဦးပီတာသောင်းစိန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားဖာ၊ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲ၌ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်းနှင့် အလှူရှင်များက စာအုပ်စာစောင်များအပါအဝင် ငွေကျပ်သိန်း ၃၀ ကျော်တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်များ၊ ဗီဒီယိုပြစက်များနှင့် ရေဒီယိုများ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# မန္တလေးမြို့ မြို့ပြဖွံ့ဖြိုးတိုးတက် မီးသတ်မျှော်စင် အထပ်မြင့်အဆောက်အအုံများအောက်ရောက်

**မန္တလေး ဧပြီ ၁**

မန္တလေးမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်းတွင်တည်ရှိပြီး နိုင်ငံတစ်ဝန်း လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်းတို့ဖြင့် ကွန်ရက်ဆက်သွယ်သွားလာနိုင်ပြီး အိမ်နီးချင်း တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် ကုန်သွယ်ရေးပင်မလမ်းကြောင်းပေါ်တွင် တည်ရှိရာ စီးပွားရေးဖွံ့ဖြိုးလာပြီး မြို့တော်၌ အထပ်မြင့် အဆောက်အအုံများ၊ စူပါမားကတ်၊ ပလာဇာများ၊ ဟိုတယ်ကြီးများ၊ လူနေအဆောက်အအုံများလည်း တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသည်လည်း မန္တလေးမြို့လယ် ချမ်းအေးသာစံမြို့နယ်တွင် တည်ရှိကာ ၁၉၈၅ ခုနှစ် ဝန်းကျင်က ပြုပြင်တည်ဆောက်ခဲ့သော မီးသတ်မျှော်စင်ကြီးမှာလည်း ယခုမြို့ပြဖွံ့ဖြိုးလာခြင်းနှင့်အတူ အထပ်အမြင့်အဆောက်အအုံကြီးများ အောက်ရောက်ရှိလျက်ရှိသည်။

ယခင်က မီးသတ်မျှော်စင်ပေါ်တွင် နှစ်နာရီတစ်ကြိမ် မီးသတ်တပ်သားများ ကင်းစောင့်ကြရပြီး နာရီသံချောင်း အမြဲခေါက်ကြရသည်။ မျှော်စင်ပေါ်မှ အရပ်လေးမျက်နှာကို မီးကင်းစောင့် တာဝန်ထမ်းဆောင်ခဲ့ကြရသည်။ ယခုအခါ မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ မျှော်စင်ကြီး အထပ်မြင့်အဆောက်အအုံများအောက် ရောက်ရှိကာ**(အပေါ်ပုံ)** မီးသတ်တပ်သားဦးရေနည်းပါးခြင်း၊ ခေတ်မီဆက်သွယ်ရေးကိရိယာတယ်လီဖုန်းများ ပေါ်များလာသဖြင့် မျှော်စင်ပေါ်မှ အရပ်လေးမျက်နှာ မီးကင်းတာဝန်ချထားမှုများ မမြင်တွေ့ရတော့ကြောင်း သိရသည်။ (သီဟကိုကို)

**အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၁)**
**အနိုင်/အရှုံးရလဒ်များ**

၁ - ၄ - ၂၀၁၂

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၂ | - | ၀ | လီဗာပူး |
| စပါး | ၃ | - | ၁ | ဆွမ်ဆီး |



# ဓမ္မပဒဂီတိ



တံတားဦးမြို့ အင်းဝဂူကြီးကျောင်း ဆရာတော်ကြီး အရှင်ပညာရက္ခိတမဟာထေရ် ရေးသားပြုစုသော "ဓမ္မပဒဂီတိ" အမည်ရှိ စာအုပ်သစ်ကို ရန်ကုန်မြို့ ဆုတောင်းပြည့်ကျောင်းတိုက်၏ စီစဉ်မှုဖြင့် မိခင်ဧရာဝတီ စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဘုရားရှင်ကိုယ်တော်တိုင် (၄၅)ဝါကာလပတ်လုံး အတွေ့အကြုံ အားလျော်စွာ ဟောကြားတော်မူအပ်သည့် ဓမ္မအနှစ်ချုပ် ဗုဒ္ဓဘာသိတ ဓမ္မဘဏ္ဍာ တိုက်ကြီးဖြစ်သော "ဓမ္မပဒဂီတိ" ကို ဆရာတော်ကြီးသည် ဝတ္ထုဇာတ်လမ်းအကျဉ်းချုပ်၊ ပါဠိတော်ဂါထာ၊ မြန်မာပြန်ကဗျာ ဤသုံးမျိုးဖြင့် တင်ပြခြယ်မှုန်းထားသည်။ မိခင်ဧရာဝတီ စာအုပ်တိုက် တိုက်(၄/၄၀၂) ကျိုက္ကတော်အိမ်ရာ ဖုန်း-၇၀၁၄၃၁၊ ၀၉-၅၀၁၅၆၁၃ နှင့် ရန်ကုန်မြို့ ပုဇွန်တောင် ဆုတောင်းပြည့်ကျောင်းတိုက်တို့မှ ရောင်းဈေး ကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။

▪ ▪ ▪ ▪ ▪ ▪ ▪ ▪

# သပြေကန်ဆရာတော်ကြီး၏ ရာပြည့်ဂုဏပူဇာစာစောင် ထုတ်ဝေဖြန့်ချိ



အဘိဓဇမဟာရဋ္ဌဂုရု၊ တွဲဖက်ရွှေကျင်သာသနာပိုင်၊ အရှင်ဝါသေဋ္ဌာဘိဝံသ မထေရ်မြတ်ကြီး၏ သက်တော်ရာပြည့် ပူဇော်ပွဲကြီး ကျင်းပခဲ့ပြီးပါပြီ။ ဆရာတော်ကြီး၏ ရာပြည့်ဂုဏပူဇာ စာစောင်ကြီး၌လည်း နိုင်ငံကျော် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်စာပေပညာရှင်များအားလုံးပါဝင်လျက် ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာ (၃)ရပ် ဂုဏ်ရည်တော်များကို စုပေါင်းပူဇော်ရေးသားခဲ့ကြသည်။ ဆရာတော်ကြီးကိုယ်တော်တိုင် ဟောကြားထားသော တရားဒေသနာတော်များလည်း ပါဝင်ပါသည်။ အဆိုပါ ရာပြည့်ပူဇာ စာစောင်ကြီးကို မိခင်ဧရာဝတီစာအုပ်တိုက် တိုက်(၄/၄၀၂) ကျိုက္ကတော်အိမ်ရာ ဖုန်း-၀၁-၇၀၁၄၃၁၊ ၀၉-၅၀၁၅၆၁၃ မှ စီစဉ်ထုတ်ဝေ၍ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါသည်။ ရောင်းဈေး ကျပ် ၈၀၀၀ ဖြင့် မိခင်ဧရာဝတီ စာအုပ်တိုက်နှင့် ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်တို့တွင် ရရှိနိုင်သည်။

▪ ▪ ▪ ▪ ▪ ▪ ▪ ▪

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၁၅၆) ထုတ်ဝေဖြန့်ချိ



ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၆)ကို မြန်မာ့နှစ်သစ်ကူးပိတောက်ရွှေဝါ ပွင့်ဖူးချိန်ကို ကြိုဆိုလျက် မတ် ၃၀ ရက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ဆလိုင်းလိန်းကြယ်ပျံ၊ ခင်ဖုန်းကြည် (မိုင်းပွန်)၊ ချမ်းမြဆောင်း(ကလော)၊ သက်ဦးနိုင်(မြဝတီ)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ပုလောစိုးနံ့သာ၊ မောင်ဘုန်းဝေ(တောင်ကုတ်)၊ အောင်သာဆန်း(သံတွဲ)၊ မင်းသွေးနွယ် (ဇီးကုန်း)၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ မင်းမြင့်ဇင်၊ ကိုရွှေသိန်းအေး(ငါးသိုင်းချောင်း)၊ မောင်ချိုစန်း(ဒေးဒရဲ)၊ မျိုးခိုင်(မူဆယ်)တို့၏ အဖွင့်ကဗျာများ၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ ပြေအေး(မြင်းမူ)၊ မောင်ဆန္ဒ(လယ်ဝေး)တို့၏ ဆောင်းပါးများ၊ ဝတ္ထုတို၊ ဝတ္ထုရှည်များနှင့် ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ မှတ်သားစရာသတ်ပုံကဗျာ၊ တောဓလေ့စာပန်းချီ၊ ကဗျာပန်းရုံရိပ်၊ ရသစာစု ခံစားမှု၊ ဗုဒ္ဓစာဥယျာဉ်၊ ဓမ္မရသစာစုနှင့် ရုပ်ရှင်ဗီဒီယိုကဏ္ဍ စုံလင်စွာဖြင့် ဖတ်ချင်စဖွယ် ထုတ်ဝေဖြန့်ချိသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဖုန်း-၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁ တို့တွင် ဝယ်ယူရရှိနိုင်သည်။

▪ ▪ ▪ ▪ ▪ ▪ ▪ ▪

# အများသုံး အင်္ဂလိပ်စကားပြော



ဆရာဦးကြည်ရွှင်မှ အင်္ဂလိပ်စကားပြော လေ့လာသူများအတွက် အတိတ်က ဖြစ်ရပ်၊ ပြဿနာများ၊ ဘဝ၏ အလွဲများ၊ တကယ်လို့ ငါသာမလုပ်ခဲ့ရင်၊ သြဇာသက်ရောက်မှုများ၊ ဈေးဝယ်ထွက်ခြင်း၊ ဘာဖြစ်နေလဲ၊ နေရာ၊ အားလပ်ချိန်၊ အနီးတစ်ဝိုက်ရှာခြင်း၊ အမှတ်တရများ၊ အတွေ့အကြုံ၊ ဇာတ်ကြောင်းပြောခြင်း၊ မျှော်လင့်ချက်နှင့် ရည်ရွယ်ချက်များ အခြားသော အကြောင်းအရာများ စုံလင်သည့် အင်္ဂလိပ်စကားပြော စာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် CD ပူးတွဲပါ ဖတ်ရှုနားဆင်နိုင်ပြီး မဇ္ဈိမစာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်။

# ရန်ကုန်တိုင်းဒေသကြီးရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ စနစ်တကျဆန္ဒမဲပေးနေမှုနှင့် မဲရေတွက်မှုများကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များ ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၂ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီတွင် စတင်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၊ သုံးခွမြို့နယ်၊ လှည်းကူးမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်ကြသည်။**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၌ ကြားဖြတ်ရွေးကောက်ပွဲကို သက်ဆိုင်ရာမဲရုံများ၌ ကျင်းပရာ ဒေသခံပြည်သူများက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်ပွင့်လင်းစွာဖြင့် စနစ်တကျ လာရောက်ဆန္ဒမဲပေး ရွေးချယ်ကြသည်။

ကော့မှူးမြို့နယ်၌ မြို့ပေါ်ရပ်ကွက်(၇)ခုတွင် မဲရုံပေါင်း(၇)ရုံရှိပြီး ကျေးရွာပေါင်း(၁၂၆)ရွာ၌ မဲရုံပေါင်း(၁၂၂)ရုံရှိကာ မဲရုံစုစုပေါင်း(၁၂၉)ရုံ၌ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ဒေသခံပြည်သူများက လာရောက်ဆန္ဒမဲပေးကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ခွဲဝင်များလိုက်ပါလျက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ကော့မှူးမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိပြီး ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းနှစ်ဦးနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးတို့အားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ မဲရုံများ၌ ဒေသခံပြည်သူများ လွတ်လပ်ပွင့်လင်းစွာ ဆန္ဒမဲပေးနေမှုများကိုကြည့်ရှုပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ယင်းသို့ ဒေသခံပြည်သူများ၏ ဆန္ဒမဲပေးမှုများကို ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံရုံးအဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ လာရောက်လေ့လာကြသော ကိုယ်စားလှယ်များ၊ ပြည်ပနိုင်ငံများမှ လာရောက်သတင်းရယူကြသော သတင်းထောက်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များ၊ စာနယ်ဇင်းများမှ သတင်းထောက်များက ကြည့်ရှုလေ့လာမှတ်တမ်းတင်၍ သတင်းရယူကြသည်။





**မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ မဲရုံများတွင် နိုင်ငံတကာမှ လေ့လာသူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှုကို ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နီလာညွန့်နှင့် အဖွဲ့ခွဲဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျဆန္ဒမဲပေးရွေးချယ်နေမှုကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် ပြည်တွင်းပြည်ပမှ သတင်းထောက်များက နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုလေ့လာကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင် ပြည်သူများအား သိလိုသည်များကို မေးမြန်းကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မဲဆန္ဒနယ်၌ မဲရုံပေါင်း(၁၃၅)ရုံဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ လွတ်လပ်စွာမဲပေးကြသည်။



**ကော့မှူးမြို့နယ်ရှိ မဲရုံများတွင် မဲများကို စနစ်တကျ စိစစ်ရေတွက်ကြရာ သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများ၊ သတင်းဌာနများမှ သတင်းထောက်များ ကြည့်ရှုလေ့လာ သတင်းယူကြစဉ်။** (သတင်းစဉ်)

ထို့အတူ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်မဲဆန္ဒနယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေး ရွေးချယ်နေမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် အဖွဲ့ခွဲဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှုကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များက ယနေ့ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုလေ့လာကြပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများအား သိလိုသည်များကို မေးမြန်းကြသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မဲဆန္ဒနယ်၌ မဲရုံပေါင်း(၁၂၀) ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ လွတ်လပ်စွာမဲပေးကြသည်။

အလားတူ ရန်ကုန်မြို့ရှိ သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့်သတင်းဌာနများမှ သတင်းထောက်များသည် ရန်ကုန်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲဝင် ဦးချစ်နိုင်နှင့်အတူ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် အုတ်ပုံဆိပ်လမ်း မီးသတ်ဦးစီးဌာနရုံးချုပ်ရှိ မဲရုံအမှတ်(၈)၌ မဲဆန္ဒရှင်များ မဲပေးနေမှုကို ကြည့်ရှုလေ့လာကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်၌ မဲရုံပေါင်း(၁၁၇) ရုံ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မဲဆန္ဒနယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျ ဆန္ဒမဲပေးရွေးချယ်နေမှုကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ခွဲဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုကြပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား စနစ်တကျဆန္ဒမဲပေးရွေးချယ်နေမှု၊ မဲရေတွက်မှုတို့ကို သံတမန်များ၊ နိုင်ငံတကာမှ လေ့လာသူများနှင့် သတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်း၊ ဂျာနယ်သတင်းထောက်များက လှည့်လည်ကြည့်ရှုလေ့လာကြပြီး မဲဆန္ဒရှင်ပြည်သူများအား သိရှိလိုသည်များကို မေးမြန်းကြသည်။

ရှေးဦးစွာ အထူးဖိတ်ကြားထားသော ကုလသမဂ္ဂဌာနချုပ်မှ တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၂)ရပ်ကွက် အောင်မင်္ဂလာလမ်းရှိ မဲရုံသို့ ရောက်ရှိပြီး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များအား သိရှိလိုသည်များ မေးမြန်းကာ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✳

ယ နေ့ သ တ င် း အ ညွှ န် း

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပြဌာန်း**

❝ခွင့်ပြုချက်ရယူထားသော လုပ်ငန်းမှအပ မြေပေါ် မြေအောက်ရှိ အခြားသယံဇာတပစ္စည်းများကို ထုတ်ယူခြင်းမပြုရ❞

ဥပဒေ စာမျက်နှာ ၈၉

**ရန်ကုန်မြို့ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်တွင် ရေကစားမဏ္ဍပ် ၄၄ နေရာ ဆောက်လုပ်ခွင့်ပြု**

❝ရေကစားမဏ္ဍပ်များ ရေသွယ်ယူခြင်းများကို နှုန်းထားအသစ်များဖြင့် ကောက်ခံသွားမည်❞

ပြည်တွင်းသတင်း စာမျက်နှာ ၉

**ပညာရေးကဏ္ဍ မူဝါဒနှင့် လုပ်ငန်းစဉ်များကိုလေ့လာသုတေသနဖွံ့ဖြိုးရေး အလေးပေးဆောင်ရွက်**

❝လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်❞

ပြည်တွင်းသတင်း စာမျက်နှာ ၂